မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ အစီအစဉ်အရ ဖွင့်လှစ်သည့် **"Training on Applied Statistics and Survey Methodology for Promoting Statistical Literacy"** သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**"Training on Applied Statistics and Survey Methodology for Promoting Statistical Literacy"** သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၁၉-၉-၂၀၂၂ ရက်နေ့ နေ့လယ် (၁၂:၀၀ ) နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်မှ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၁၉-၉-၂၀၂၂ ရက်နေ့မှ ၃၀-၉-၂၀၂၂ ရက်နေ့အထိ ရုံးအမှတ်(၃၂)၊ ဗဟိုစာရင်းအင်း အဖွဲ့၏ သင်တန်းခန်းမ၌ ၁၀ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းနည်းပြဖြစ်သူ ဆရာမ ဒေါ်ဝင်းဝင်းနုက သင်ကြားပို့ချမည်ဖြစ်ပါသည်။

## သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-

စစ်တမ်းများနှင့်စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက်များ လုပ်ငန်းအဖွဲ့၊ အဖွဲ့ဝင်ဌာနများမှ စာရင်းအင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွယ်ကူချောမွေ့စေရန်နှင့် စာရင်းအင်းဆိုင်ရာ အသိပညာများ မြှင့်တင်ပေးရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

## သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-

Planning for the collection data, the process of Sample Size Determination and Allocation with exercises, drawing conclusion from data နှင့် Identifying problems, solutions and opportunities using the analysis တို့ဖြစ်ပါသည်။ အဆိုပါ သင်ခန်းစာများအား survey methodologies များဖြစ်သည့် survey design နှင့် sampling techniques and survey production cycle တို့ကိုလက်တွေ့ အသုံးချနိုင်ရန်သင်ကြားပို့ချမည် ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအဖွဲ့ ရုံးချုပ်မှ (၁)ဦး ၊ စီမံကိန်းဦးစီးဌာနမှ (၃)ဦး၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ (၃)ဦး၊ ငါးလုပ်ငန်းဦးစီးဌာနမှ (၂)ဦး၊ သစ်တောဦးစီးဌာနမှ (၃)ဦး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာနမှ (၃)ဦး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ (၂)ဦး၊ အလုပ် သမားညွှန်ကြားရေးဦးစီးဌာနမှ (၃)ဦး၊ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ (၃)ဦး၊ ကုသရေးဦးစီးဌာနမှ (၁)ဦး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ (၃)ဦး၊ စုစုပေါင်း အရာထမ်း၊ အမှုထမ်း (၂၇)ဦး တက်ရောက်ပါသည်။